Chin National Front
General Headquarters
CHINLAND

# ဒုတိယအကြိမ် ဗဟိုကော်မီတီ အစည်းအဝေး ထုတ်ပြန်ကြေညာချက်။

ဒုတိယအကြိမ်ပါတီညီလာခံသက်တမ်း၊ ဒုတိယအကြိမ်ပါတီဗဟိုကော်မီတီအစည်းအဝေးကို ပြည်တွင်းနှင့် ပြည်ပတွင် တာဝန်ထမ်းဆောင်နေကြသော ပါတီဗဟိုကော်မီတီဝင်များ တက်ရောက်ကြပြီး ၁၉၉၉ ခုနှစ် မတ်လ(၁၀) ရက်နေ့မှ ၁၉၉၉ ခုနှစ်၊ ဧပြီလ(၁၀)ရက်နေ့အထိ ဝိတိုရိယစခန်းတွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့သည်။

၎င်းအစည်းအဝေးတွင် စစ်အုပ်စု၏ဖိနှိပ်ချုပ်ချယ်မှုခံသော ယနေ့တိုင်းရင်းသားလူမျိုးများအရေးလှုပ်ရှားနှင့် ဒီမိုကရေစီအင်အားစုများ၏ လှုပ်ရှားမှုအခြေအနေများကိုလည်းကောင်း၊ တိုင်းရင်းသားပြည်သူတို့၏စားဝတ်နေရေး အကြပ်အတည်း၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကင်းမဲ့ခြင်းအခြေအနေနှင့် တက္ကသိုလ်ကျောင်းများပိတ်ပင်ခြင်း ကြောင့် နစ်နာနေရသော လူငယ်လူရွယ်များ၏ အခြေအနေများကိုလည်းကောင်း၊ အလေးအနက် ဆွေးနွေးသုံးသပ်ခဲ့ ကြသည်။

ယနေ့သည် အမျိုးသားတော်လှန်ရေးဆင်နွှဲနေသည့် ကာလဖြစ်သည်နှင့်အညီ ချင်းအမျိုးသားထုတရပ်လုံး ချင်းအမျိုးသားထုတရပ်လုံးအခြေအနေဖြင့်တော်လှန်ရေးလုပ်ငန်း၌ မိမိကျရာ တာဝန်များကိုစွမ်းစွမ်းတမံ ဝိုင်းဝန်းပံ့ပိုး ထမ်းဆောင်ကြရေးကို ဆွေးနွေးဆုံးဖြတ်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) ၏ လူ့အခွင့်အရေးချိုးဖေါက်မှုများသည် တနှစ် ထက်တနှစ် ဆိုးဝါးလာခဲ့ရာ ၁၉၉၈ ခုနှစ် ဟားခါးမြို့တွင် ကျင်းပခဲ့သော ကျောင်းသားပွဲတော်ကို အကြောင်းပြ၍ နှိပ် ကွပ်မှုများ နှင့်ပါလီမန်ခေါ်ယူရေးကို ချေမှုန်း၍ ဖိနှိပ်ချုပ်ချယ်မှုများသည် အဆိုးဝါးဆုံးသော သာဓကများဖြစ်သည်ဟုရှု မြင်သုံးသပ်ပါသည်။

၁၉၉၀– ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော ပါလီမန်အမတ်များအား အပြစ်မဲ့ဖမ်းဆီးထိန်းသိမ်းခြင်းကို ချွင်းချက်မရှိ လွှတ်ပေးရန်တောင်းဆိုသည်။ ပါလီမန်ခေါ်ယူကျင်းပရေးနှင့် ၎င်းလုပ်ငန်းစဉ် ဆက်လက်ဆောင်ရွက်နိုင် ရေးအတွက် လွှတ်တော်ကိုယ်စားပြုကော်မီတီကို ထောက်ခံအားပေးသွားရန် ဆွေးနွေးဆုံးဖြတ်ကြသည်။

စစ်အုပ်စု၏အားပေးမှုကြောင့် မြန်မာပြည်အနောက်ဖက်ဒေသ နယ်စပ်တလျှောက်တွင် တဟုန်ထိုးမြှင့်တက် လာသော မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်မှုများကို ထိထိရောက်ရောက်တိုက်ဖျက်နိုင်ရန် အပြည်ပြည်ဆိုင် ရာ မူးယစ်ဆေးဝါးတိုက်ဖက်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ကြသည်။

အိန္ဒိယနှင့် ဘင်္ဂလာဒေ့ရှ်နိုင်ငံတို့၏ပြည်တွင်းရေးနှင့်ပတ်သက်သော ကိစ္စမှန်သမျှ၌ ကင်းကင်းရှင်းရှင်းရပ် တည်ရေးမူဝါဒများချမှတ်လိုက်ကြသည်။ မြန်မာပြည်ဒီမိုကရေစီအရေးတိုက်ပွဲတွင် အရေးပါသည့် အိမ်နီးနားချင်းနိုင်ငံ များအဖြစ် မှတ်ယူသဘောထားသည်။

လူ့အခွင့်အရေးချိုးဖောက်မှုဖြင့် နာမည်ဆိုးဝါးနေသော စစ်အုပ်စုအပေါ်စီးပွားရေးပိတ်ဆို့မှုနှင့် သံတမန်ရေး တားဆီးမှုများဖြင့် အရေးယူဒါဏ်ခတ်ခြင်း ပြုလုပ်နေသည့် နိုင်ငံတကာအစိုးရများနှင့်အတူ အမျိုးသားဒီမိုကရေစီ

တပ်ပေါင်းစု၊ မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီစသော အဖွဲ့ကြီးများနှင့်ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်သွားရန် ဆုံးဖြတ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗဟိုကော်မီတီ**
**ချင်းအမျိုးသားတပ်ဦး**
၁၉၉၉ ခုနှစ်၊ ဧပြီ (၁၄)ရက်။